လုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan- EMP)ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ရည်ညွှန်း(၁)၊ (၃)ပါစာများဖြင့် တင်ပြခဲ့ခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး ပြင်ဆင်တင်ပြရန် ရည်ညွှန်း(၂)၊ (၄)ပါစာများဖြင့် ပြန်ကြားခဲ့ပါသည်။ အဆိုပါပြန်ကြားစာများအရ ရည်ညွှန်း (၅)ပါ စာဖြင့် တင်ပြလာခြင်းဖြစ်ပါသည်။

၂။ ရည်ညွှန်း(၅)ပါ စာဖြင့် အရှေ့တိုင်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)အပေါ် အတည်ပြုပြန်ကြားခွင့်ပြုပါရန် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ရာ ပြန်ကြားခွင့်ပြုကြောင်း ရည်ညွှန်း(၆)ပါ စာဖြင့် အကြောင်းကြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အရှေ့တိုင်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဘဝပင်ကျေးရွာရှိ ရေပူတောင်လုပ်ကွက်တွင် ခဲမဖြူ အဖြိုက်နက်နှင့် ရောရာသတ္တု အလတ်စားတူးဖော်ခြင်းလုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို အတည်ပြုပါကြောင်းနှင့် အောက်ဖော်ပြပါ အချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း အကြောင်းကြားပါသည်-

(က) ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းဖော်ပြရန်-

(၁) စီမံကိန်းလုပ်ကွက်ဧရိယာကို လတ္တီတွဒ် ၊ လောင်ဂျီတွဒ် Coordinate အမှတ်များဖြင့်ဖော်ပြရန်၊

(၂) သတ္တုတူးဖော်ရေးလုပ်ကွက်မှ စီးထွက်ရေနောက်များကို ရေစစ်၊ ရေစုကန်များတွင် အနည်ထိုင်စေပြီးနောက် ပြင်ပသို့စွန့်ထုတ်မည့်တည်နေရာ လိုက်နာမှတ် (Point of Compliance) ကို လတ္တီတွဒ်၊ လောင်ဂျီတွဒ် Coordinate အမှတ်များဖြင့်ဖော်ပြရန်နှင့် အဆိုပါနေရာတွင်တိုင်းတာသည့် Parameter၊ အကြိမ်ရေတို့ကိုဖော်ပြရန်၊

(ခ) စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်သူ ကိုယ်တိုင်ဖြစ်စေ၊ စီမံကိန်းကိုယ်စား လုပ်ငန်းဆောင်ရွက်သော သို့မဟုတ် စီမံကိန်းဆောင်ရွက်သူက ခန့်အပ်၊ ငှားရမ်း၊ လုပ်ပိုင်ခွင့်ပေးအပ်ထားသော ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ အရာရှိများ၊ (လုပ်သား) ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများနှင့် အကြံပေးပုဂ္ဂိုလ်များကဖြစ်စေ ပြုလုပ်သော သို့မဟုတ် ပျက်ကွက်သော လုပ်ငန်းများ အားလုံးအတွက်လည်းကောင်း၊ ဆိုးကျိုးထိခိုက်မှုအားလုံးအတွက်လည်းကောင်း စီမံကိန်း ဆောင်ရွက်သူက ဥပဒေကြောင်းအရနှင့် ငွေရေးကြေးရေးအရ အပြည့်အဝ တာဝန်ယူဆောင်ရွက်ရန်၊

(ဂ) အခန်း (၃) တွင် ဖော်ပြထားသောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ တို့ကို လိုက်နာဆောင်ရွက်ရန်၊

(ဃ) အမှန်အမှားများထွက်ရှိမှုနှင့် ဆူညံသံနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊